ကုန်းစုံကျေးရွာ
**ကျောက်မဲမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ – ၂၀၂၆)

**ပြုစုရေးဆွဲသူ**
**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ကုန်းစုံကျေးရွာ၊ ကျောက်မဲမြို့နယ်**
**(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**
**၂၀၂၃ ခုနှစ်၊** ဇန်နဝါရီ လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စကားချီး | ၃ |
| ၂။ | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| ၃။ | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| ၄။ | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ)  မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ)  စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | **(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု** | ၁၀ |
| ၆။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က)  ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ)  ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ)  သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး | ၁၁ |
| ၉။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၁။ | **ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး** | ၁၂ |
| ၁၂။ | **ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး** | ၁၂ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၂ |
| အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက် | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၄ |

| နောက်ဆက်တွဲ | | |
|---|---|---|
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |


**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင် ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု

အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီ လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကုန်းစုံကျေးရွာ
ကျောက်မဲမြို့နယ်

**ကျောက်မဲမြို့နယ်၊** ကုန်းစုံ **ကျေးရွာ သယံဇာတပြမြေပုံ**



## ကျောက်မဲမြို့နယ်၊ ကုန်းစုံ ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



**ကျောက်မဲမြို့နယ်၊ ကုန်းစုံ ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ**



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ကုန်းစုံကျေးရွာသည်** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၏ ကျောက်မဲကြီး**ကျေးရွာအုပ်စု**တွင် တည်ရှိပါသည်။ ကျောက်မဲမြို့၏ မြောက်ဖက် (၅)မိုင် အကွာတွင် တည်ရှိ ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မန်အော့၊ ခိုယောင်းကျေးရွာ၊ အနောက်ဘက်တွင် ပါပုတ်-ပြိန်းဆပ် ကျေးရွာ စသည် တို့တည်ရှိပါသည်။ ကျေးရွာ တွင် ဓနုလူမျိုး များ အများစုနေထိုင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄)ကေနှင့် ယာမြေ/တောင်ယာမြေ (၅၀၃.၃)ကေ၊ ဥယျာဉ်ခြံမြေ(၀.၉)ကေ ၊ စားကျက်မြေ(၁၅)ကေ ရှိပါသည်။ များသော အားဖြင့် မေလတွင် မိုးစတင် ပြီး အောက်တိုဘာလတွင် မိုးကုန်ပါသည်။ ဇူလိုင်လတွင် မိုးအများဆုံး ရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှ အမြင့်ဆုံး အပူချိန် (၂၈.၈၀) ဒီဂရီ အနိမ့်ဆုံးအပူချိန် (၃၀.၀၀) ဒီဂရီစင်တီဂရိတ်ရှိပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၁၁၅)၊ လူဦးရေပေါင်း(၅၀၈)ဦးရှိပြီး ဓနုလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၄၂)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏ စံနှုန်း ဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းအောက်တွင် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေး ငယ်စုစုပေါင်း (၃)ဦး၊ (၀.၆%) နှင့် သက်ကြီးရွယ်အို (၃၀)ဦး၊ (၅.၉%)ရှိပါသည်။ (၅)နှစ်အောက်ကလေးငယ် (၃၂)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် (၃၃၃)ဦး၊ (၆၅.၅၅%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် (၅%)ခန့် နည်းပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်း၊ ကျေးရွာလူငယ်အဖွဲ့၊ ကျောင်းကော်မတီနှင့် လူမှုကူညီရေးအဖွဲ့ အစည်းများမှ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျန်းမာရေးနှင့်ပညာရေးအတွက်များလည်း ရပ်မိ ရပ်ဖများက

စည်းလုံးညီညွတ်စွာ ဆွေးနွေးတိုင်ပင် ဆောင်ရွက်ကြသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် ပြောင်းသီးနှံကိုသာ အဓိက စိုက်ပျိုးကြပါသည်။ ပြောင်းစိုက်ပျိုးရန်အတွက် မြေယာပြုပြင်ရခြင်း၊ မျိုးစေ့များဈေးနှုန်းကြီးမြင့်ခြင်း၊ စက်ပစ္စည်းနှင့် လူအင်အား ငှားရမ်း အသုံးပြုရခြင်း၊ (၁)ကေလျှင် ဓါတ်မြေဩဇာ (၂)အိတ် အသုံးပြုရခြင်း တို့ကြောင့် သွင်းအားစုလိုအပ်ချက်များပြားပြီး အမြတ်ရရှိနိုင်မှုအခြေအနေ သည် ပေါက်ဈေးအပေါ် မူတည်၍ အနည်းအများ ရှိပါသည်။အများစုသည် ပြောင်းသီးနှံ ရိတ်သိမ်းပြီးချိန်တွင် စပါး ၊ မုန်လာဥ ၊ ခရမ်းချဥ် စိုက်ပျိုးလေ့ရှိပြီး ကိုယ်ပိုင်လုပ်အားစိုက်ထုတ်လုပ်နိုင်ပါက အမြတ်အစွန်း များပြားပြီး လူငှား လုပ်ကိုင်ရပါက အမြတ်အစွန်းနည်းပါးပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့် လယ်မြေအနည်းငယ်သာရှိပြီး လယ်မြေများတွင် စပါးကို ဝမ်းစာအတွက်သာ စိုက်ပျိုးကြပါသည်။ တောင်ယာများကို မိမိတို့ရင်းနှီးနိုင်သော ငွေကြေးပမာဏအလိုက် ခုတ်ထွင်၍ ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပါသည်။ မြေယာတိုးချဲ့မှုများ အနည်းအကျဉ်းရှိပါသည်။

ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိက အားထားစိုက်ပျိုးကြပါ သည်။ ကျေးရွာသည် ပုံမှန်အားဖြင့် ရာသီဥတု သင့်တင့်မျှတမှုရှိပြီး မိုးခေါင်မှု တစ်ခါတစ်ရံ သာ ကြုံတွေ့ရတတ်ပါသည်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာ အဓိက အားထားနေရသော ကြောင့် ရာသီဥတု မမှန်ကန်ပါက စိုက်ပျိုးရေးအရင်းအမြစ် မရှိသောကြောင့် အခက်အခဲရှိ ပါသည်။

ကျေးရွာရှိ တောင်သူအများစုသည် လက်တွန်းစက်နှင့်ထွန်စက်များ ပိုင်ဆိုင်ကြသော်လည်း ပိုင်ဆိုင်မှုမရှိသော တောင်သူများသည် ထွန်စက်ကို (၁)ကေလျှင် (၅၀၀၀၀) ကျပ်နှုန်းဖြင့် ငှားရမ်း အသုံးပြုကြပါသည်။ကျေးရွာတွင် ခြွေလှေ့စက် မရှိသောကြောင့် ငှားရမ်းသုံးစွဲသော တောင်သူများမှာ ပြောင်း (၁) ပိဿာလျှင် (၃၀)ကျပ် နှုန်းဖြင့်

ဌာနရမ်းသုံးစွဲကြပါသည်။ အခြားအဆင့်မြင့် စိုက်ပျိုးရေး သုံးစက်ကိရိယာများပိုင်ဆိုင်မှုမရှိပဲ မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုကြ ပါသည်။

သီးနှံမျိုးစေ့များကို ကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးသော ကျောက်မဲမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသောကြောင့် လုပ်သားအင်အား ရှားပါးပါသည်။ ကျေးရွာသည် ကျောက်မဲမြို့နှင့် (၅)မိုင်ခန့်သာ ကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်းတို့ကြောင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဝန်ဆောင်မှုများအား စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ရရှိနိုင်ပါသည်။ ကျေးရွာသည် မြို့နှင့်အနည်းငယ်သာ ကွာဝေးခြင်း ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း ၊ ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ရန် ဈေးကောင်းရရှိသည်အထိ သိုလှောင်ထားနိုင်ခြင်း ရှိပါက အမြတ်အစွန်းများစွာ ရရှိနိုင်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

စိုက်ပျိုးနိုင်သော မြေအားလုံးတွင် ပြောင်းသီးနှံများ စိုက်ပျိုးကြသောကြောင့် စားကျက် မြေများ မရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျွဲ ကိုသာ အားထားအသုံးပြုရသောကြောင့် ခိုင်းကျွဲ အကောင်ရေ (၁၇၉)ကောင်အတွက် ကျေးရွာအနီးတွင် စားကျက်မြေ (၁၅)ဧက ခန့် ရှိပြီး၊ စီးပွားဖြစ်အနေဖြင့် ကြက် မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်သူ အနည်းငယ် ရှိပြီး ဝက် ၊ နွား စသည်တို့ကို အနည်းငယ် မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းမှလွဲ၍ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ပန်းရံလုပ်ငန်း အိမ်ထောင်စု (၃) စုနှင့် အရောင်းအဝယ်လုပ်ငန်းအနေဖြင့် အိမ်ဈေးဆိုင် ဖွင့်လှစ်ထားသော (၃)စု သာရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် ချေးငွေရရှိနိုင်သည့် ကျေးလက်ဦးစီးဌာနမှ ထောက်ပံ့သော အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ရရှိထားပြီး ခနေတောင်သူ၊ ပတ်မြန်မာ ၊ ဗီရှင်းဖန်း စသည့် ငွေစုငွေချေးလုပ်ငန်းများမှ ရင်းနှီးငွေ ထုတ်ချေးပေးမှုများရှိသော်လည်း မိမိတို့ ပိုင်ဆိုင်မှု ၊ စိုက်ပျိုးမှု အပေါ်တွင် မူတည်၍ ထုတ်ချေးပေးခြင်းဖြစ်ကာ သီးနှံပေါ်ချိန်(၁၀) လတွင် (၁)ကြိမ် ပြန်လည်ပေးဆပ်ရပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းလမ်းသည် ကွန်ကရစ်လမ်း ဖြစ်သောကြောင့် သွားလာရ အဆင်ပြေပါသည်။ ကျေးရွာချင်းဆက်လမ်းများအဖြစ် ပါပုတ်-ပြိန်းဆပ်ကျေးရွာမှ ကျောက်မဲမြို့သို့ ကတ္တရာလမ်းများဖြင့် ဆက်သွယ်ထားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုအများစု တွင် ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုအချို့တွင် ကား၊ ထော်လာဂျီ များ ရှိကြပါသည် ။ သယ်ယူပို့ဆောင်ရေးနှင့် ခရီးနီး/ ဝေး သွားလာရေးအတွက် ယာဉ်များအသုံးပြုရာတွင် မော်တော်ဆိုင်ကယ်များသာ အသုံးပြုကြပြီး ထော်လာဂျီ (၃)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီးနှင့် ကား(၁)စီးသာ ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စုအများစုတွင် မော်တော်ဆိုင်ကယ်များကိုယ်စီ ပိုင်ဆိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအတိုးရငွေနှင့် ကျေးရွာထည့်ဝင်ငွေ စုပေါင်း၍ မဟာဓါတ်အားလိုင်းသွယ်တန်းထားရှိပါသည်။ အိမ်ထောင်စုအများစုသည် မဟာဓါတ်အား လိုင်း စနစ်ကိုသာ အဓိကအသုံးပြု ကြပါသည်။ ဆိုလာစနစ် သုံးစွဲသော အိမ်ထောင်စု (၆၉) စု ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာအတွင်းတွင် တယ်လီနော တာဝါတိုင် ရှိသောကြောင့် ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ TV ၊ စလောင်းလည်း တချို့တဝက် ပိုင်ဆိုင်ကြသဖြင့် သတင်းအချက်အလက်များလည်း အလုံအလောက်ရရှိနိုင်ပါသည်။

**၇။ ပညာရေး**

ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း ရှိပြီး ကျောင်းနေအရွယ်ကလေးများမှာ အလယ်တန်းအထိသာ ပညာသင်ယူကြပြီး အလယ်တန်းအဆင့်ပြီးမြောက်ပါက ငွေကြေး အခက်အခဲရှိခြင်း၊ ကျောင်းနေ အရွယ်ကလေးများမှာ ကျေးရွာမှ ထွက်ခွာကာ အခြားဒေသတွင် သွားရောက်ပညာ သင်ကြားလိုစိတ်မရှိခြင်း၊ အချို့အိမ်ထောင်စုများတွင် မိသားစုလုပ်အားများ လိုအပ်လျက်ရှိခြင်း တို့ကြောင့် မူလတန်းပညာပြီးပါက ကျောင်းထွက်သည်သာများပါ သည်။

ကျေးရွာတွင် စာသင်ကျောင်းဆောင်(၃)ဆောင်မှာ အုတ်အကာ၊ သမံတလင်း ခင်း၊ သွပ်မိုးအဆောင်ဖြစ်ပြီး အတိုင်းအတာအားဖြင့် ၆၀'x ၃၀' ရှိကာ အစိုးရ၊ UNDP ၊ ဂျပန် မှ ထောက်ပံ့ထားခြင်းဖြစ်ပါသည်။ ကျေးရွာရှိ စာသင်ကျောင်းတွင် ကျောင်းအိမ်သာအဖြစ် အုတ်ယင်လုံအိမ်သာ(၂)ခန်းတွဲ (၄)လုံးရှိပါသည်။ ကျောင်းအာဟာ ရတိုက်ကျွေးမှုအနေဖြင့် လပြည့် လကွယ် ဥပုဒ် နေ့များတွင် ရိုးရာမုန့်များနှင့် လကုန်ရက်များတွင် ကိတ်မုန့်၊ ပဲနို့များ နှင့်ကြာဇံ

စသည်ဖြင့် ချက်ပြုတ်တိုက်ကျွေး မှုများအား ကျေးရွာရှိ ရွာသူ/သား များနှင့် ဆရာ/ဆရာမများမှ ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

## ၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း ကျေးရွာနှင့် (၅)မိုင်ခန့်ဝေးသော ကျောက်မဲမြို့နယ်ဆေးရုံ မှ မေးခိုင်ကာကွယ်ဆေး အခြားစုပေါင်း ကာကွယ်ဆေးများ ထိုးနှံ ပေးခြင်း၊ အာဟာရ မှတ်တမ်းယူမှုများနှင့် Covid-19 ကာကွယ်ဆေးထိုးနှံခြင်းများအား အခါ သင့်သလို လာရောက်၍ ထိုးနှံပေးခြင်းများ နှင့် ကျေးရွာသူ/ သားများကိုယ်တိုင်မှ သွားရောက် ထိုးနှံခြင်း ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ကျေးရွာတွင် ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားမှုများ အနည်းငယ် ရှိပါသည်။ ဖျားနာ သူများအား ကျေးရွာနှင့် (၅)မိုင်ခန့်ဝေးသော ကျောက်မဲမြို့နယ်ဆေးရုံသို့ သွားရောက် ကုသမှုများဆောင်ရွက်ပေးလျက်ရှိပြီး အရေးကြီးသောအခါများတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ခေါ်ယူကုသကြသည်များလည်းရှိပါသည်။ ကျေးရွာတွင်းရှိ တိုင်းရင်းသား ဆေးဆရာများကလည်း ကုသပေးမှုရှိသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျေးရွာမှ (၅)မိုင်ခန့် ဝေးကွာသော ကျောက်မဲမြို့ရှိ ဆေးရုံတွင် သွားရောက်၍ ဆေးကုသကြပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ဓါတုဓါတ်မြေဩဇာများအား သုံးစွဲရမှုကြောင့် မြေဆီမြေဩဇာ ပျက်စီးမှုများ အနည်းငယ်ရှိနိုင်ပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် အပင် မျိုးစိတ် များနှင့် အခြား တိရစ္ဆာန်မျိုးကွဲများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုများ အနည်းငယ် ရှိနိုင်ပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအနေဖြင့် ကျေးရွာရှိ မိမိသုံးစွဲပြီးသော အမှိုက်များအား မိမိအိမ်တွင်း၌သာ ကျင်းတူး၍ တစ်ပတ်တစ်ကြိမ်ကိုယ်တိုင်မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည်။ မြေဆီလွှာ ထိန်းသိမ်းမှု နည်းပညာများ လိုအပ်ပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်းရှိ အမျိုးသမီးများသည် ရှေးရိုးစွဲအယူအဆများနှင့် လမ်းခရီးသွားလာရ ခက်ခဲသောကြောင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာများတွင် ပါဝင်ခေါင်းဆောင်မှုများမရှိပါ။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မူ အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာသည် စည်းလုံးညီညွတ်မှုရှိသောကြောင့် သာရေး/နာရေးကိစ္စရပ်များ၊ လူမှုရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေး တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

သဘာ၀ဘေးအန္တရာယ်လျော့ချရေးအနေဖြင့် ကျေးရွာတွင်း ဆောင်ရွက်ထားမှု အစီအစဉ် မရှိသေး ပါ။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် လူကုန်ကူးမှု၊ ခိုးမှု ၊အကြမ်း ဖက်မှုများမရှိပါ။သို့သော် ကျေးရွာတွင် မူးယစ်ဆေး၀ါးသုံးစွဲမှုများ ရှိသောကြောင့် ကျန်းမာရေး ဟောပြောပွဲများ လိုအပ်ပါသည်။

## ၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၄ | | | | √ | |
| ၅ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၅ | | | | | √ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)**

| | |
|---|---|
| ကျေးရွာ | – ကုန်းစုံ |
| ကျေးရွာအုပ်စု | – ကျောက်မဲကြီး |
| မြို့နယ် | – ကျောက်မဲ |
| တိုင်းဒေသကြီး/ပြည်နယ် | – ရှမ်းပြည်နယ် (မြောက်ပိုင်း) |
| စီမံချက်အမည် – ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၅၀၀'x၁၂'x၆") | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ** | |

ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြေ (၁၁၅) အိမ်ရှိပြီး လူဦးရေ ကျား (၂၂၈) ၊ မ (၂၈၀) ဦးစုစုပေါင်း (၅၀၈) ဦး နေထိုင်လျှက်ရှိပါသည်။ ကျေးရွာ၏ အဝင်လမ်းသည် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် မိုးရေတိုက်စားခြင်းကြောင့် လမ်းချော်ခြင်း၊ ဗွက်ထခြင်း၊ မညီမညာဖြစ်ခြင်း၊ ရေဝပ်ခြင်းတို့ကြောင့် လမ်းသားများပျက်စီးနေပါသဖြင့် နှစ်စဉ် မိုးရာသီတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုလုပ်ငန်းများအတွက် သွားလာရန်ခက်ခဲပါသည်။ ကျေးရွာလူထုမှာလည်း စီးပွားရေးကြပ်တည်းမှုကြောင့် ပြုပြင်နိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် (၂၈.၆.၂၀၂၂) ရက်နေ့တွင် ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်၍ ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် အများသဘော တူညီချက်ဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။ ၎င်းလမ်း၏ အရှည်မှာ (၅၀၀) ပေရှိပြီး အကျယ် (၁၂) ပေရှိပါသည်။ အဆိုပါလုပ်ငန်းအတွက် ကုန်ကျစရိတ်မှာ (၁၁.၂) သန်းကုန်ကျမည်ဖြစ်၍ ကျေးရွာလူထုမှ လုပ်အား+ပစ္စည်းတန်ဖိုး (၁.၂) သန်းအတွက် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော ကျပ်သန်း (၁၀.၀၀) အား ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးပါရန် ရိုသေလေးစားစွာ တင်ပြတောင်းခံအပ်ပါသည်။

**စီမံချက်၏ ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်**

- တစ်နှစ်ပတ်လုံးအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်
- ရွာသူ/သားများအားလုံး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီး နောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- တစ်နှစ်ပတ်လုံး သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည်။
- ဒေသထွက်ကုန်ပစ္စည်းများအတွက် လွယ်ကူစွာ သယ်ယူပို့ဆောင်လာနိုင်မည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)**

- လုပ်ငန်းခန့်မှန်းခြေတွက်ချက်မှုစာရင်း ပူးတွဲဖော်ပြပါမည်။

**ကုန်ကျစရိတ်ထည့်ဝင်မှု**

| ခန့်မှန်းကုန်ကျစရိတ် | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • (၁၀၀) သိန်း (ငွေသား) | • ကျေးလက်ဦးစီး |
| • xxxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • (၁၂) သိန်း (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

**နောက်ဆက်တွဲ**

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၂၂၈ | ၂၈၀ | ၅၀၈ | ၂၀ | ၅၀ | ၃၀ | ၂၀ | ၁၂၀ |
| အကျိုးခံစားမည့်ဦးရေ | ၂၂၈ | ၂၈၀ | ၅၀၈ | ၂၀ | ၅၀ | ၃၀ | ၂၀ | ၁၂၀ |

| |
|---|
| မှတ်ချက်။ အဆင်ပြေ-၁၊ အလယ်အလတ်အဆင့်-၂၊ မပြေလည် - ၃၊ အလွန်မပြေလည် - ၄ |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

| | |
|---|---|
| (၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်။ | |
| (၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း | - ၂၂.၈.၂၀၂၂ |
| (၃) စီမံချက်ပြီးစီးအမည့်အချိန် | - ၄.၁၀.၂၀၂၂ |
| (၄) **ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**<br>• ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်အားတန်ဖိုးငွေ (၁.၂) သန်း ပြည့်မီအောင် ကျေးရွာရှိ အိမ်ထောင်စု (၁၂၀)မှ လုပ်အားထည့်ဝင်ဆောင်ရွက်သွားပါမည်။ | |
| (၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက အသေးအဖွဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာမှ နှစ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြီးစားပြုပြင်ခြင်း (သို့) မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်ကြောင့် ပြန်လည်ပြုပြင်လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်သွား ပါမည်။ | |

# ကုန်းစုံ ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၁)

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | |
|---|---|---|---|---|---|
| ၁ | ဦးချဲဗိုလ် | ဦးမောင်ပု | ၁၃/ရငန(နိုင်) ၀၅၈၂၆၂ | ၃၂ | |
| ၂ | ဦးသုမောင် | ဦးသောင်းရွှေ | ၁၃/ကမန(နိုင်) ၁၂၂၂၈၄ | ၃၂ | |
| ၃ | ဦးမျိုးမြင့်ဦး | ဦးမျိုးဦး | ၁၃/ကမန(နိုင်) ၁၄၀၃၆၅ | ၂၀ | |
| ၄ | ဦးဝါဇင် | ဦးဝင်းအောင် | ၁၃/ကမန(နိုင်) ၁၄၀၃၆၁ | ၁၉ | |
| ၅ | ဒေါ်ဖြူနှင်းဝေ | ဦးဌေးတင့် | ၁၃/ကမန(နိုင်) ၁၄၀၄၀၂ | ၁၉ | |
| ၆ | ဒေါ်သီတာဝင်း | ဦးဝင်းမောင် | ၁၃/ကမန(နိုင်) ၁၃၀၀၄၂ | ၂၈ | |
| ၇ | ဒေါ်နီနီထိုက် | ဦးဘုကြီး | ၁၃/ကမန(နိုင်) ၀၈၇၂၇၈ | ၄၁ | အဝ |
| ၈ | ဦးချစ်သိန်း | ဦးထွန်းမောင် | ၁၃/ကမန(နိုင်) ၀၁၅၉၂၁ | ၆၃ | အုပ် |
| ၉ | ဦးလှအောင် | ဦးအောင်လှိုင် | | ၇၃ | ကျေ |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၁၀ | ၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၂၇ | ၅၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၃၂ | ၄၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၃ | ၁၉၀ | ၃၅၃ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၂၀ | ၃၀ | | |
| စုစုပေါင်း | | ၂၂၈ | ၂၈၀ | ၅၀၈ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၅ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ ကုန်းစုံကျေးရွာတွင် အိမ်ခြေ (၁၁၅) ရှိပြီး လူဦးရေစုစုပေါင်း (၅၀၈)ဦး ရှိသည့် အနက် အလုပ်လုပ်ကိုင်နိုင်သည့်လူဦးရေ (၃၃၃)ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၆၆%) ရှိခြင်း၊ ပညာသင် ကျောင်းသူ/ သားများ အနေဖြင့်လည်း (၁၁၃ )ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၂%) ရှိခြင်း၊ အသက်ကြီးရွယ်အိုနှင့် (၅)နှစ်အောက် ကလေးငယ်များမှာလည်း (၅၅) ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၁%)ရှိခြင်းနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေများစွာရှိပြီး ကျေးရွာတွင် မီခို သူ ဦးရေမှာ ၇ ဦး ရှိပါကြောင်း နှင့် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် (၂%)ခန့် နည်းပါသည်။ ကျေးရွာတွင် ကျေးရွာတွင် ဓနု လူမျိုးများ အများဆုံး နေထိုင်ကြပါပြီး ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာ အလုပ်လုပ်ကိုင် နိုင်သည့်လူဦးရေများပြားခြင်း ကြောင့် ကျေးလက်လူနေမှုဘဝမြှင့်တင်ရေး အတွက် အလားအလာကောင်းသော ကျေးရွာ ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည် ။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁၅ | ၃၃၃ | ၇ | ၁၆၄ | ၁၆၉ | ၀ | မြင့်☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခု ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၅ | ၀ | ၅ | မြင့်☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | **စုစုပေါင်း** | ၁၁၅ | ၃၃၃ | ၇ | ၁၆၄ | ၁၆၉ | ၆ | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။** **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့် သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားဖြင့် လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အိမ်ထောင်စု(၁၁၅) စုသည် ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်၍ ပန်းရံလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၃) စု၊ ဈေးရောင်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၁) စုနှင့် ရှိ၍ စိုက်ပျိုးချိန်ကာလတွင် စိုက်ပျိုးရေးလုပ်ငန်း ကိုသာ လုပ်ကိုင်၍ စိုက်ပျိုးရာသီမဟုတ်သောချိန်တွင် အခြားဝင်ငွေရလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်သာ

လုပ်ကိုင်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | - | ၁၅၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် တနေ့တာလုပ်ခနှုန်းထားများအနေဖြင့် အမျိုးသားများတွင် အများဆုံး ကျပ်(၆၀၀၀/-)၊ အနည်းဆုံး ကျပ် (၅၀၀၀/-)နှုန်းနှင့် အမျိုးသမီးများတွင် အများဆုံး ကျပ်(၅၀၀၀/-)၊ အနည်းဆုံး ကျပ် (၄၀၀၀/-)နှုန်းဖြင့်သတ်မှတ်ထားရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အမျိုးသားများတွင် အများဆုံး ကျပ်(၂၀၀၀၀/-)၊ အနည်းဆုံး ကျပ် (၁၅၀၀၀/-)နှုန်း သတ်မှတ်ထားရှိပြီး ပေးချေလျှက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၄** | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | **၄၉၄.၁** | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | ၀.၃ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၁၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၄၄၃.၉ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့် လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကအားဖြင့် ယာမြေတွင် ပြောင်းစိုက်ပျိုးခြင်းဖြင့်သာ အဓိကအသက်မွေး ဝမ်းကျောင်းပြုကြသည်။ လယ်မြေများတွင် ဝမ်းစာဖူလုံစေရန်အတွက် စပါး၊ ပန်းနှမ်းနှင့် ဆီမုန့်ညင်းများကိုသာ စိုက်ပျိုးကြပြီး နှစ်အဆက်ဆက်စိုက်ပျိုးကာ လုပ်ကိုင်စားသောက်ခဲ့သောကြောင့် မြေဆီလွှာအရည်အသွေးမှာ ဓါတ်မြေဩဇာများကြောင့် လျော့နည်းလာပါသည်။ တောင်ယာစပါး လယ်စပါး များ ကိုလည်း စိုက်ပျိုးကြပါသည်။ လယ်စိုက်ပျိုးသော မြေဧကပေါင်း (၄) ဧကနှင့် တောင်ယာ မြေဧကပေါင်း (၅၀၃.၃)ဧက ရှိပါသည်။

(ဂ-၂) **ဓာတ်သတ္တုနှင့်အခြားသဘာ၀ရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာ၀အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ။ ကျေးရွာတွင် ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ မထွက်ရှိခြင်းကြောင့် အသုံးပြုနိုင်ခြင်းမရှိပါ။ အခြားသဘာဝ အပင် မျိုးစိတ် များ အနည်းငယ်ရှိ၍ လွယ်ကူစွာ ရရှိနိုင်သော်လည်း သုံးစွဲရန် နည်းပညာဗဟုသုတမရှိသောကြောင့် သုံးစွဲမှု မပြုကြပေ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **အလွန်နည်း သို့ မရှိ** |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေး လုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၂၀ | ၅၀ | ၃၀ | ၂၀ |

**ရင်းမြစ် …** (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၁၁၅) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၂၀) စုရှိပြီး မြေယာပိုင်ဆိုင်မှုအနေဖြင့် (၁၀) ဧကမှ (၂၀) ဧကထိ ပိုင်ဆိုင်ကြကာ အုတ်သွပ်မိုး အိမ်များဖြင့် နေထိုင်ကာ ကား/ထော်လာဂျီများ/ ဆိုင်ကယ်များနှင့် လယ်ယာသုံးထွန်စက်များ ပိုင်ဆိုင်ကြ

ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၅၀) စုမှာ မြေယာ(၅)ဧက မှ (၁၀) ဧကအထိ ပိုင်ဆိုင်ထားရှိပြီး အုတ်သွပ်မိုးအိမ်တွင် နေထိုင်၍ ဆိုင်ကယ်နှင့် လက်တွန်းထွန်စက်များသာ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၃၀) စုမှာ (၅)ဧကထိသာ မြေယာပိုင်ဆိုင်ကြပြီး ထရံကာသွပ်မိုးအိမ်ဖြင့်သာ နေထိုင်ကြရသည်။ အခြားပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်သာ ပိုင်ဆိုင်ထားရှိပြီး လယ်ယာသုံးပစ္စည်း ကိရိယာများ မပိုင်ဆိုင်ကြပါ။ ခါးကောက်ကိုသာ သုံးစွဲကြပါသည်။ ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စု (၂၀) စုရှိပါသည်။ ၎င်းအိမ်ထောင်စုမှာ (၁) ဧက မှ (၃) ဧကအထိသာ ပိုင်ဆိုင်၍ တဲအိမ်ဖြင့်သာ နေထိုင်ကြရသည်။ ၎င်းအိမ်ထောင်စုသည် လယ်ဧကအနည်းငယ်သာ ပိုင်ဆိုင်၍ စားဝတ်နေရေး မလောက်ငသောကြောင့် တခါတရံ နေ့စားကျပန်းလုပ်သားများအဖြစ်သာ အများဆုံး အသက်မွေး ကြရသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်.....ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ မရှိပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | - | ၂ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
